**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

**P.O Box 93, Mae Sot, Tak Province 63110, Thailand**
**E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org**

ချစ်ခင်လေးစားရပါသော AAPP အားပံ့ပိုးကူညီသူများနှင့်ထောက်ခံသူများခင်ဗျား

နှစ်ငါးဆယ်အတွင်း မြန်မာနိုင်ငံ၏ ပထမဆုံး ဒီမိုကရေစီနည်းကျရွေးကောက်တင်မြှောက်ခဲ့သော အရပ်သားအစိုးရသည် လက်ရှိအချိန်တွင် ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်ရန်အခွင့်အလမ်းများ ရရှိလာခဲ့ပြီဖြစ်သည်။ ထိုအခွင့်အလမ်းများမှာ ဥပဒေရေးရာ နှင့်မူဝါဒရေးရာ ပြုပြင်ပြောင်းလဲရန်အတွက် အခွင့်အရေးများနှင့် နိုင်ငံရေးအကျဉ်းသားရေးရာကိစ္စများအပေါ် တိုးတက်မှုတချို့ပြုလုပ်ရန်တို့ဖြစ်သည်။ နိုင်ငံအနှံ့အပြားတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ အခွင့်အရေးချိုးဖောက်ခံရမှုများ ရှိနေသည့်အပြင် နိုင်ငံရေးအကျဉ်းသားများ ဆက်လက်ရှိနေခြင်းကြောင့် မြန်မာ နိုင်ငံတွင်းထိုအခြေအနေများကို အနီးကပ်စောင့်ကြည့်ခြင်းနှင့်မှတ်တမ်းပြုခြင်းတို့ဆက်လက်ပြုလုပ်ရန် မရှိမဖြစ်အရေးကြီးပါသည်။

နိုင်ငံရေးအခြေအနေများပြောင်းလဲလာခြင်းနှင့်အတူ AAPP မှ ထိုပြောင်းလဲလာခြင်းကို ထင်ဟပ်စေမည့် အဖွဲ့အစည်း၏လုပ်ငန်းဆောင်တာများကိုလည်း ပြောင်းလဲရန် လိုအပ်သည်ဟုယူဆမိပါသည်။ AAPP မှ မြန်မာနိုင်ငံတွင်း နိုင်ငံရေးအကျဉ်းသားမရှိရေးကို အဓိကအလေးပေး၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သလို နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ အခွင့်အရေးများအတွက် နိုင်ငံတဝှမ်းလုံးတွင် ပညာပေးများလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်သည်။

လွှတ်တော်ထဲတွင် နိုင်ငံရေးအကျဉ်းသားဟောင်း ၁၂၈ခန့်သည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည်။ AAPPသည် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးချင်းစီနှင့်သော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက် မှုများအပြင် လုပ်ငန်းဆောင်တာများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ရန် နိုင်ငံရေး၊နိုင်ငံသားနှင့်လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခဲ့သည့် ၁၆နှစ်တာ ကျွမ်းကျင်မှုအတွေ့အကြုံများလည်း AAPP တွင်ရှိနေပါသည်။ AAPPသည် မည်သည့် နိုင်ငံရေးပါတီများအောက်တွင်မှ ပါဝင်ခြင်းမရှိပဲ အမှီအခိုကင်းသောအဖွဲ့အစည်းဖြစ် ဆက်လက်ရှိနေမည်ဖြစ်သည်။

AAPPသည် မြန်မာနိုင်ငံတွင်းအခြေအနေများအား စောင့်ကြည့်ခြင်းနှင့် မှတ်တမ်းပြုခြင်းများ ဆက်လက် ပြုလုပ်မည်ဖြစ်သည်။ ND Burma သည် AAPP နှင့် အဓိကပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတွင်းလူ့အခွင့်အရေးချိုးဖောက်မှုများကို AAPP နှင့်အတူ မှတ်တမ်းပြုစုလျက်ရှိသည်။ AAPP သည် ဥပဒေပြုရေး၊ တရားစီရင်ရေး၊ ပြစ်မှုဆိုင်ရာနှင့်အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများအတွက် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်မည်ဖြစ်ပြီး အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်းများ၊ လူ့အခွင့်အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာမှတ်တမ်းပြုခြင်း သင်တန်းများအား ကျယ်ပြန့်စွာ ဆက်လက်ဆောင်ရွက်ရန်နှင့် တိုးမြှင့်လုပ်ဆောင်ရန်ရည်ရွယ်ထားသည်။ AAPP သည် တခြားသော လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖြစ်ကြသည့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ လူ့အခွင့်အရေးများစောင့်ကြည့်ရေးအဖွဲ့တို့နှင့် နီးကပ်စွာလက်တွဲဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်နှင့် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးတို့နှင့်လည်း လက်တွဲဆောင်ရွက်လျက်ရှိသည်။ တောင်းဆိုချက်များပေါ်တွင် ကျွန်ုပ်တို့သည် အဖွဲ့အစည်းများ၊လွှတ်တော်ကိုယ်စားလှယ်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ပြီး လူမှုအဖွဲ့အစည်းများ၊ လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်သူ ဆွေးနွေးပွဲများတွင်လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အထူးသဖြင့် စောင့်ကြည့်ခြင်း၊ မှတ်တမ်းပြုခြင်းနှင့် သုံးသပ်လေ့လာခြင်းတို့နှင့် ပတ်သက်သော အပြောင်းအလဲများကို ကျွန်ုပ်တို့၏ ဒီဇင်ဘာလ အစီရင်ခံစာ၌ ထင်ရှားစွာ တွေ့မြင်ရလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ မျှော်လင့်ချက်သည် ပို၍ထိရောက်မှုရှိရန်နှင့် တိကျမှန်ကန်မှုရှိသော မှတ်တမ်းများကို တိတိကျကျ ရရှိရန်ဖြစ်သည်။ AAPP သည် ဖမ်းဆီး၊ထိန်းသိမ်းခံရခြင်းများ၊ တရားရင်ဆိုင်ရခြင်းများ၊ ထောင်ဒဏ်ချမှတ်ခံရခြင်းများ၊ ထောင်တွင်းအခြေအနေများ၊ ထောင်မှလွတ်မြောက်မှုများ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ကန့်သတ်တားမြစ်ချက်များစသည့် နိုင်ငံရေး အကျဉ်းသားရေးရာကိစ္စများကိုသာ အဓိကထားလုပ်ဆောင်နေသည်သာမက နိုင်ငံရေးနှင့်နိုင်ငံသားတို့၏အခွင့်အရေးများအပေါ် ကန့်သတ် တားမြစ်မှုများ၊ ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာတိုးတက်မှုများနှင့် အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲရေးအတွက်လည်း အဓိကထား ဆောင်ရွက် လျက်ရှိသည်။

AAPPသည် လစဉ်အစီရင်ခံစာဖွဲ့စည်းမှုအား ပြောင်းလဲမည်ဖြစ်သည်။ လစဉ်ဖြစ်ရပ်များကို သုံးသပ်တင်ပြထားသည့်(အကျဉ်းချုပ်ရေးသားထားသည့်) စာမျက်နှာ တစ်မျက်နှာ၊နှစ်မျက်နှာကို လူထုတွင်းဖြန့်ဝေမည်ဖြစ်သည်။ AAPP မှ စုဆောင်း၊အတည်ပြုထားသောသတင်းများနှင့် နိုင်ငံရေးအကျဉ်းသား စာရင်းများကိုမူ AAPP ၏ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုကူးယူနိုင်သည်။

လစဉ်အစီရင်ခံစာ၏ ပထမစာမျက်နှာတွင် ဖော်ပြထားသော လက်ရှိအခြေအနေအကျဉ်းချုပ်ခေါင်းစဉ်ကိုမူ ယခင်အတိုင်း ပြောင်းလဲမှုမရှိထားရှိမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ နိုင်ငံရေးအကျဉ်းသားအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်အညီ နိုင်ငံရေးအကျဉ်းသားစုစုပေါင်းအရေအတွက်အား အောက်ပါအတိုင်းဆက်လက်ဖော်ပြမည်ဖြစ်သည်။

၁) နိုင်ငံရေးလှုပ်ရှားမှုများအတွက်လက်ရှိအချိန်တွင်အကျဉ်းကျခံနေရသူများ


၂) နိုင်ငံရေးလှုပ်ရှားမှုများအတွက်လက်ရှိအချိန်တွင်ထောင်ပြင်ပမှနေ၍တရားရင်ဆိုင်နေရသူများ

၃) နိုင်ငံရေးလှုပ်ရှားမှုများအတွက်လက်ရှိအချိန်တွင်ထောင်တွင်းမှနေ၍တရားရင်ဆိုင်နေရသူများ

AAPP ၏ ဝန်ထမ်းများအားလုံးကိုယ်စား လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် လူပုဂ္ဂိုလ်တိုင်းအားငင်းတို့၏ ဆက်လက်ဝိုင်းဝန်းကူညီမှု၊ အားပေးထောက်ခံမှုတို့အတွက်ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရန်၊ လူ့အခွင့်အရေး၊ နိုင်ငံရေးနှင့်နိုင်ငံသားအခွင့်အရေး ချိုးဖောက်မှုများ မရှိရန်နှင့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရန်အတွက် တိုက်ပွဲဝင်နေချိန်တွင် ကျွန်ုပ်တို့နှင့်အတူ ဆက်လက်ရပ်တည်နေမည်ဟုလည်း မျှော်လင့်ပါသည်။

လေးစားစွာဖြင့်





**(တိတ်နိုင်)**
**အတွင်းရေးမှူး**

**(ဘိုကြည်)**
**တွဲဘက်အတွင်းရေးမှူး**


**ဆက်သွယ်မေးမြန်းရန်**
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
တိတ်နိုင်  အတွင်းရေးမှူး  +၆၆(၀) ၈၁၂၈၇၈၇၅၁
ဘိုကြည်  တွဲဘက်အတွင်းရေးမှူး +၉၅(၀) ၉၄၂၅၃၀၈၈၄၀

အီးမေး  info@aappb.org